အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
WOMEN'S LEAGUE OF BURMA

**အမျိုးသမီးများနှီးနှောဖလှယ်ပွဲ**
**အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ ထုတ်ပြန်ကြေညာချက်**
**၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၂၁) ရက်**

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၂၁)ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် အမျိုးသမီးများနှီးနှောဖလှယ်ပွဲကို စက်တင်ဘာလ (၂၀)ရက်မှ (၂၁) ရက်နေ့အထိ အွန်လိုင်းဖြင့် ကျင်းပပြုလုပ်ခဲ့သည်။ ထိုအမျိုးသမီးများနှီးနှောဖလှယ်ပွဲတွင် အဖွဲ့ချုပ်၏ အဖွဲ့ဝင် အဖွဲ့အစည်းများ၊ ဒေသအသီးသီးရှိ မိတ်ဖက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ် စုစုပေါင်း (၉၀)ဦးကျော် တက်ရောက်ခဲ့ပါသည်။

ထိုအမျိုးသမီးများ နှီးနှောဖလှယ်ပွဲတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ အကြမ်းဖက်စစ်တပ်မှ အာဏာသိမ်းပြီးသည့်နောက် အမျိုးသမီးများရင်ဆိုင်ကြုံတွေ့နေရသည့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ဆိုင်ရာ စိန်ခေါ်မှုများနှင့် ခြိမ်းခြောက်မှုများအား ဆွေးနွေးခြင်း၊ မိမိတို့ ဒေသအတွင်း လက်ရှိ ကျင့်သုံး နေသည့် တရားရေးဆိုင်ရာ ယန္တရားများ ဆွေးနွေးခြင်းနှင့် တရားမျှတမှုရရှိရေး၊ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေရေးအတွက် နည်းလမ်းများ ဖော်ထုတ်ဆွေးနွေးခဲ့သည်။

၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် အကြမ်းဖက်စစ်တပ်မှ အမျိုးသမီးများအား မုဒိန်းကျင့်ခြင်း၊ အုပ်စုလိုက် မုဒိမ်းကျင့်သတ်ဖြတ်ခြင်း၊ မတရားဖမ်းဆီးချုပ်နှောင်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ သေဒဏ်ချမှတ်ခံရခြင်း၊ လူသားဒိုင်းအဖြစ် အသုံးပြုခြင်း၊ အခြားလိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း အပါအဝင် အကြမ်းဖက်မှုမျိုးစုံ ကျူးလွန်လျက်ရှိသည်ကို ထိုအမျိုးသမီးများ နှီးနှောဖလှယ်ပွဲတွင် တွေ့ရှိခဲ့သည်။ ထို့အပြင် တရားဥပဒေစိုးမိုးမှုမရှိသည့်အလျောက် အမျိုးသမီးများ လူကုန်ကူးခံရခြင်း၊ အိမ်တွင်းအကြမ်းဖက်မှု ပိုမိုခံစားနေရခြင်း၊ ကျား-မ အခြေပြု အကြမ်းဖက်မှုများ ပိုမို ဖြစ်ပွါးလာခြင်းနှင့် အသက်ဘေးအန္တရာယ် ခြိမ်းခြောက်ခံရခြင်း စသည်တို့ကိုလည်း ရင်ဆိုင်ကြုံတွေ့ နေရသည်။

အကြမ်းဖက်စစ်တပ်မှ အရပ်သားပြည်သူများ၏ အိုးအိမ်များ၊ ဘာသာရေးအဆောက်အအုံများ၊ စာသင် ကျောင်းများနှင့် ရွာလုံးကျွတ် မီးရှို့ခြင်း၊ စစ်လေယာဉ်ဖြင့် ပစ်ခတ်ခြင်းနှင့် လက်နက်ကြီးဖြင့် ပစ်ခတ် ခြင်းကြောင့် အမျိုးသမီးနှင့် ကလေးငယ်များ ထိခိုက်ဒဏ်ရာရခြင်း နှင့် အသက်သေဆုံးနေရသည်။

ထို့အပြင် မြန်မာပြည်အနှံ့အပြား လူဦးရေတစ်သန်းကျော် ထွက်ပြေးတိမ်းရှောင်နေရသည့်အနက် အများစုမှာ အမျိုးသမီးနှင့် ကလေးငယ်များ ဖြစ်သည်။ အကြမ်းဖက် စစ်တပ်အနေဖြင့် အမျိုးသမီးများအား မုဒိန်းကျင့်ခြင်းနှင့် အခြား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို စစ်လက်နက်သဖွယ် ကျယ်ကျယ်ပြန့်ပြန့်၊ စနစ်တကျ ယနေ့အချိန်အထိ ဆက်လက်ကျူးလွန်လျက်ရှိပြီး ပြစ်ဒဏ်ပေးခြင်းမှ ကင်းလွတ်ခွင့် ရရှိနေသည်။

အကြမ်းဖက်စစ်တပ်သည် နိုင်ငံတကာဥပဒေများ ချိုးဖောက်ကာ စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်စုအပေါ် လူမျိုးတုန်းသတ်ဖြတ်မှု၊ လူသားဖြစ်တည်မှုကို ဆန့်ကျင်သည့် ရာဇဝတ်မှုများ ထင်ထင်ရှားရှား ကျူးလွန်နေသည်ကို နိုင်ငံတကာအသိုင်းအဝိုင်းများက လျစ်လျူရှုကာ ထိရောက်သည့် အရေးယူမှုမရှိခြင်းအပေါ် မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ လွန်စွာ စိတ်ပျက်မိပါသည်။

ထို့ကြောင့် မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ) အနေဖြင့် ကျူးလွန်ခံရသူ အမျိုးသမီးများ၏ တရားမျှတမှု ရရှိရေးနှင့် အကြမ်းဖက်စစ်တပ်၏ တာဝန်ယူမှု တာဝန်ခံရှိစေရန်အတွက် အောက်ပါအတိုင်း တိုက်တွန်းသည်။

- နိုင်ငံတကာအသိုင်းအဝိုင်းများမှ အကြမ်းဖက်စစ်တပ်အား အသိအမှတ်မပြုပဲ ရှုတ်ချပြီး ပူးပေါင်းခြင်း မလုပ်ရန်။
- ကမ္ဘာ့ကုလသမဂ္ဂမှ ချမှတ်ထားသော ဆုံးဖြတ်ချက်အမှတ် (UN Resolutions) များကို လေးစားလိုက်နာ အကောင်အထည်ဖော်ရန်။
- အကြမ်းဖက်စစ်တပ်မှ ကျူးလွန်နေသည့် စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်စုအပေါ် လူမျိုးတုန်းသတ်ဖြတ်မှု၊ လူသားဖြစ်တည်မှုကို ဆန့်ကျင်သည့် ရာဇဝတ်မှု တာဝန်ခံနိုင်ရေးအတွက် အကြမ်းဖက်စစ်တပ်အား အပြည်ပြည်ဆိုင်ရာ ခုံရုံးသို့ လွှဲပြောင်း အရေးယူရန်။
- အကြမ်းဖက်စစ်တပ်အား ထိရောက်သည့် ပစ်မှတ်ထား စီးပွါးရေး ပိတ်ဆို့မှုများကို လုပ်ဆောင်ရန်။
- နယ်စပ်ဖြတ်ကျော် လူသားချင်းစာနာမှု အကူအညီကို လူထုအခြေပြုအဖွဲ့အစည်းများနှင့် တိုက်ရိုက် ပံ့ပိုးကူညီရန်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)